EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၁၈)၊ နိုဝင်ဘာ ၈ ရက်၊ ၂၀၁၆

## မန္တလေးတိုင်းဒေသကြီးလွှတ်တော် မေးခွန်းအများစုကို ဖြေကြားမှု ကတိကဝတ်အများဆုံးဟုဆို

နိုဝင်ဘာ ၂၊ ၂၀၁၆

အစိုးရသစ်လက်ထက် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးလေကြိမ်အတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို အစိုးရအဖွဲ့က ဖြေကြားမှုမှာ ကတိကဝတ်ပြုခြင်းများ အများဆုံးဖြစ်နေကြောင်း အဆိုပါလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီထံမှ သိရသည်။

မေးခွန်းအများစုမှာ ရေရှားသည့်ဒေသများ ရေလုံလောက်စွာရရှိရေး၊ ပညာရေးနှင့် ပတ်သက်သော ကျောင်းဆောက်လုပ်ခြင်း၊ လမ်း၊ တံတား တည်ဆောက်ပေးရေးစသည်တို့ ဖြစ်ကြောင်း၊ ယင်းမေးခွန်းများသည် ချက်ချင်းမလုပ်နိုင်ဘဲ လာမည့်နှစ် ဘတ်ဂျက်မှသာ လုပ်နိုင်မည်ဖြစ်၍ ယခုကဲ့သို့ ကတိကဝတ်များနေရခြင်းဖြစ်ကြောင်း အဆိုပါကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းက ပြောကြားသည်။

"ချက်ချင်းလုပ်နိုင်တာတွေဆိုရင်တော့ အကောင်အထည်ဖော်နေတာတွေ တွေ့ရပါတယ်။ မြေယာကိစ္စလိုမျိုး၊ သစ်ကိစ္စလိုမျိုးတွေပေါ့"ဟု ၎င်းကဆိုသည်။

ယခင်အစိုးရလက်ထက်က ကျင်းပခဲ့သည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ယခု အစိုးရလက်ထက်အတွင်း မေးခွန်းမေးမြန်းမှု ပိုမိုများလာနိုင်ပြီး ဖြေရှင်းပေးရမှုများလည်း ပိုမိုများလာနိုင်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မေးခွန်းတွေ့နဲ့ ပတ်သက်လို့ အစိုးရအဖွဲ့က ဖြေကြားတာတွေက အားရစရာမရှိဘူး"ဟု တိုင်းဒေသကြီးလွှတ်တော် ဒု-ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးက ပြောကြားခဲ့သည်။

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး သုံးကြိမ်နှင့် အထူးအစည်းအဝေးတစ်ကြိမ် ကျင်းပပြီးချိန်အထိ မေးခွန်း ၁၂၄ ခုနှင့် အဆိုလေးခု ရှိကြောင်း သိရသည်။

မေးခွန်းအများစုနှင့်ပတ်သက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ဘတ်ဂျက်လျာထားချက်အတွင်း ထည့်သွင်းရေးဆွဲရမည်ဖြစ်ကြောင်း၊ မြေယာပြဿနာများနှင့် ပတ်သက်၍မှု ၂၅ ရာခိုင်နှုန်းသော အဆိုများကို အကောင် အထည်ဖော်လုပ်ဆောင်နေပြီဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီထံမှ သိရသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်)*

## အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသည့် မောင်တောဒေသတွင် ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းစုံစမ်းမှုများပြုလုပ်

အောက်တိုဘာ ၂၈၊ ၂၀၁၆

ရခိုင်ပြည်နယ် မောင်တောနယ်စပ်ဒေသတွင် နယ်ခြားစောင့် ရဲတပ်ဖွဲ့စခန်းများ တိုက်ခိုက်ခံရပြီး နယ်မြေအခြေအနေ မတည်ငြိမ်သဖြင့် ဒေသခံ ထောင်နှင့်ချီ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ကွင်းဆင်းစုံစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ လေ့လာစုံစမ်းမှုများ ပြုလုပ်ရန် ရခိုင်ပြည်နယ်လွှတ်တော်မှ အဖွဲ့ဝင် ၁၁ ဦး ပါဝင်သည့် ကော်မရှင်တစ်ခု ဖွဲ့စည်း၍ တာဝန်ပေးအပ်ထားပြီး အဆိုပါ ကော်မရှင်အဖွဲ့ဝင်များက စုံစမ်းမှုများ ပြုလုပ်နေခြင်း ဖြစ်သည်။



လေ့လာစုံစမ်းရေး ကော်မရှင်ကို ရခိုင်ပြည်နယ်လွှတ်တော်မှ အောက်တိုဘာ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၂၅ ရက်နေ့မှစတင်၍ အကြမ်းဖက်မှုများဖြစ်ပွားခဲ့သည့် မောင်တော၊ ဘူးသီးတောင်နှင့်ရသေ့တောင် မြို့နယ်များတွင် လေ့လာစုံစမ်းမှုများ ပြုလုပ်နေခြင်း ဖြစ်သည်။

ထို့အပြင် အကြမ်းဖက်သမားများကြောင့် ရခိုင်တိုင်းရင်းသားများ ထပ်မံဒုက္ခမကြုံတွေ့စေရေးအတွက် ကာကွယ်ပေးရန်၊ အကြမ်းဖက်မှုများ၏နောက်ကွယ်မှ ကြိုးကိုင်နေသူများကို ဖော်ထုတ်ရန်၊ ဌာနေတိုင်းရင်းသားများ၏ လူမှုဘဝတိုးတက်ရေးနှင့် လုံခြုံရေးတို့အတွက်လည်း ကော်မရှင်က လေ့လာစုံစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း အဆိုပါကော်မရှင်၏ ခေါင်းဆောင်ဖြစ်သူ မြေပုံမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းက ပြောသည်။

*(ကိုးကား - Rakhine News Agency မှ ကောက်နုတ်တင်ပြသည်)*

# ဖြည့်စွက်ရန်ပုံငွေတောင်းခံသည့်ကိစ္စ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်မှုအားနည်း

နိုဝင်ဘာလ ၃၊ ၂၀၁၆

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ဖြည့်စွက်ရန်ပုံငွေတောင်းခံရေးကိစ္စလုပ်ဆောင်ရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် တိုင်းဒေသကြီးလွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းခဲ့ကြောင်း ယင်းလွှတ်တော်ငွေစာရင်းကော်မတီဝင်များထံမှ သိရသည်။

"ဖြည့်စွက်ရန်ပုံငွေ ရရှိရေးအတွက် လွှတ်တော်က စိစစ်ပေးရမည့်လုပ်ငန်းတွေ နောက်ကျခဲ့ရတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌထံ တင်သွင်းခဲ့တဲ့ အစီရင်ခံစာမှာ ထည့်သွင်းတင်ပြခဲ့တယ်။ အခြား ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်တွေမှာ ဖြည့်စွက်ရန်ပုံငွေတောင်းခံတဲ့လုပ်ငန်းတွေ ပြီးနေပေမယ့် ပဲခူးတိုင်းက စက်တင်ဘာလ နောက်ဆုံး ပတ်မှ တင်သွင်းနိုင်ခဲ့တယ်။ ဖြည့်စွက်ရန်ပုံငွေအတွက် အတည်ပြုတောင်းခံခဲ့တာက ကျပ်သန်း ၁၂,၀၀၀ ကျော်ဖြစ်ပါတယ်" ဟု ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးစန်းမြင့်က ပြောကြားသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ချပေးခဲ့သည့် ရန်ပုံငွေနှင့် မလုံလောက်သည့်အတွက် ဒုတိယအကြိမ်မြောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အရေးပေါ်အစည်းအဝေး ၂/၂၀၁၆ ကျင်းပပြီး ဖြည့်စွက်ရန်ပုံငွေတောင်းခံခဲ့ခြင်းဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာ လျာထားချက်အရ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်အများဆုံး တောင်းခံခဲ့သည့် ဌာနမှာ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဖြစ်သည်ဟု ပဲခူးတိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနထံမှ သိရသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်။)*

## သတင်းဓာတ်ပုံ



ပြည်ထောင်စုလမ်းမကြီး၊ လောဓ္ဓရပ်ကွက်၊ လှိုင်ကော်မြို့၊ လမ်းခင်းနေခြင်းအား ကယားပြည်နယ်လွှတ်တော် ပြည်သူ့ငွေစာရင်း စောင့်ကြည့်စစ်ဆေးရေးကော်မတီမှ အောက် တိုဘာ ၂၆ ရက်နေ့တွင် စစ်ဆေးနေစဉ်။

*(ကိုးကား - ကယားပြည်နယ်လွှတ်တော် Facebook Page)*

## သတင်းတို

နိုဝင်ဘာ ၄၊ ၂၀၁၆

■ ရန်ကုန်မြို့ကြီးသည် အဘက်ဘက်မှ စည်းကမ်းပျက်ယွင်းနေပြီး တရားဥပဒေစိုးမိုးမှု လျော့နည်းကာ မြို့ပျက်ကြီးတစ်ခုအဖြစ် ရောက်ရှိနေကြောင်း ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက နိုဝင်ဘာ ၄ ရက်တွင် ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး၌ ဝေဖန်ခဲ့သည်။ ကျောက်တံတားမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာတင်သွင်းခဲ့သော "ရန်ကုန်မြို့တွင်း အများပြည်သူပိုင်လမ်းများပေါ်တွင် ဈေးရောင်း၍ အသက်မွေးနေသော ဈေးသည်များအား မြို့ပြအင်္ဂါရပ်နှင့်အညီ စနစ်တကျ ဈေးရောင်းချနိုင်ရန် ကောင်းမွန်သော အစီအမံများ စီမံပေးရန် တိုက်တွန်းကြောင်း"အဆိုကို ဆွေးနွေးရာတွင် ဒေါ်စန္ဒာမင်းက ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ *(ကိုးကား-Daily Eleven မှ ကောက်နုတ်တင်ပြသည်)*

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

စုစည်းတင်ပြသူ
ပညာအလင်းပွင့် မြန်မာသုတေသန ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
၀၉-၂၆၀၀၀၇၅၁၉

# ဧရာဝတီတိုင်းလွှတ်တော် တည်ဆောက်မည့်နေရာ ပြောင်းနိုင်ဖွယ်ရှိ

နိုဝင်ဘာလ ၂၊ ၂၀၁၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကျပ်သန်း ၂၈၀၀ အကုန်အကျခံ တည်ဆောက်မည့် တိုင်းဒေသကြီး လွှတ်တော် တည်ဆောက်ရေး စီမံကိန်းအတွက် ဗိသုကာ ရေးဆွဲပုံပြိုင်ပွဲတွင် နောက်ဆုံးဆန်ခါတင် ဒီဇိုင်းတစ်ခုက ရွေးချယ်ပြီးသော်လည်း တည်ဆောက်မည့်မြေနေရာ အပြောင်းအလဲ ရှိနိုင်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ပြောကြားသည်။

"အောက်တိုဘာ ၂၉ ရက်နေ့က ဒီဇိုင်းတစ်ခုကို ရွေးချယ်ခဲ့တာပါ။ ရွေးချယ်ခံရတဲ့ ဗိသုကာအဖွဲ့က အသေးစိတ်ပုံတွေ ဆွဲနေပြီး အဲဒီပုံတွေအတိုင်း အပိုင်းလိုက်ခွဲ တင်ဒါခေါ်ပြီး တည်ဆောက်ရေးအတွက် ဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ရှင်းပြသည်။

တိုင်းဒေသကြီးလွှတ်တော် တည်ဆောက်ရေးအတွက် တင်ဒါခေါ်ယူခြင်း၊ တင်ဒါ အောင်မြင်သည့် ကုမ္ပဏီ၏ ပုံစံအတိုင်း အဆောက်အအုံဆောက်လုပ်ခြင်းကို အရင်မဆောင်ရွက်ဘဲ လွှတ်တော်ခန်းမနှင့် အဆောက်အအုံများ တည်ဆောက်ရေးအတွက် ဗိသုကာဆွဲပုံနှင့် ဒီဇိုင်းပြိုင်ပွဲကို လုပ်ဆောင်ခဲ့ကြောင်း၊ အဆိုပါပြိုင်ပွဲတွင် ကုမ္ပဏီနှင့် ပညာရှင် ၄၀ ခန့်က ဗိသုကာဆွဲပုံ ၂၂ ပုံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောက်တိုဘာ ၂၅ ရက်နေ့က ဆန်ခါတင် ၃ ပုံ ကို ရွေးချယ်ခဲ့ကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌရုံးထံမှ သိရှိရသည်။

အဆိုပါရွေးချယ်ရေးအဖွဲ့တွင် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌအပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၄ ဦး၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူး၊ တိုင်းအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီမှ ပညာရှင် ၁ ဦးတို့ ပါဝင်ကြောင်း၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် Amenity Design Group မှ ရေးဆွဲသော ဗိသုကာဆွဲပုံကို အပြီးသတ် ရွေးချယ်ခဲ့ကြောင်း သိရသည်။

ယခင်အစိုးရလက်ထက်က ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ခန်းမနှင့် အဆောက်အအုံများကို ပုသိမ်မြို့ဝင်အပိုင်းအနီး အစိုးရအိမ်ရာနှင့်ကပ်လျက် မြေ ၁၃ ဧကကျော်တွင် တည်ဆောက်ရန် လျာထားသော်လည်း ပုသိမ်လေယာဉ်ကွင်းနှင့် နီးကပ်လွန်းခြင်း၊ တပ်မတော်လေမှ လေယာဉ်များ လေ့ကျင့်ရေးမောင်းနှင်ရာဖြစ်ခြင်း၊ နောင်တစ်ချိန် စီးပွားရေးဖွံ့ဖြိုးမှုကြောင့် အရပ်ဘက်လေယာဉ်များပါ အသုံးပြုလာပါက လွှတ်တော်အစည်းအဝေးများ ကျင်းပရာတွင် အနှောင့်အယှက်ဖြစ်လာနိုင်ခြင်းတို့ကြောင့် မြေနေရာပြောင်းလဲမှုများရှိနိုင်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ရုံးမှ သိရသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်)*

# သတင်းတို



နိုဝင်ဘာ ၃၊ ၂၀၁၆

■ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးကို ယခုနှစ် ဖေဖော်ဝါရီတွင် စတင်ပြုလုပ်ခဲ့ပြီးနောက် အောက်တိုဘာလကုန်ထိ ပြည်သူလူထုထံမှ စာဖြင့်ရေးသား ပေးပို့လာသည့် တိုင်ကြားစာ ၇၀၆ စောင်ရှိကြောင်း၊ တိုင်ကြားစာများအနက် မြေယာပြဿနာများ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုပြဿနာများ၊ ပုဂ္ဂလိပ်ရေးကိစ္စများနှင့်ဆိုင်သည့် ပြဿနာကို တိုင်ကြားမှုအများဆုံး ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ရုံးမှ သိရသည်။ "လွှတ်တော်ရုံးမှာ တိုင်ကြားတဲ့စာတွေက မြေယာပြဿနာအများဆုံးပဲ။ ကျွန်တော်တို့ဆီ တိုင်ကြားစာရောက်လာရင် ကျွန်တော်တို့က သက်ဆိုင်ရာအစိုးရအဖွဲ့ကို အသိပေးတယ်။ နောက်ပြီး အကြံပေးတယ်။ လုပ်ပေးရမယ့်အပိုင်းက သူတို့အပိုင်းပဲ။ ကျွန်တော် ပုဂ္ဂလိပ်ရေးအမြင်ခန့်မှန်းချက်အရ ပြောရရင် အစိုးရအဖွဲ့က တိုင်ကြားစာပြဿနာကို ဖြေရှင်းပေးနိုင်တာ လေးပုံတစ်ပုံလောက်ပဲရှိသေးတယ်"ဟု မွန်ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ပြောသည်။

*(ကိုးကား - 7 Day Daily မှ ကောက်နုတ်တင်ပြသည်)*



# သတင်းဓာတ်ပုံ

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကုက္ကိုကျေးရွာ လယ်ဧက ၃၀၀ ကျော် ရေနစ်မြုပ်နေမှု အလျင်အမြန်ကယ်ဆယ်ကူညီရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၄ ရက်နေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပရာ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများနှင့် သနပ်ပင်မြို့နယ် မဲဆန္ဒနယ်(၁)ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း တက်ရောက်ခဲ့သည်။

*(ကိုးကား- Bago Region Hluttaw Facebook Page)*